## (၆) ဘက်တီးရီးယားပျော့ပုပ်ရောဂါ (Bacterial Soft rot)

ရောဂါဖြစ်စေသောသက်ရှိ -*Dickeya chrysanthemi* (Burkholder et al. 1953) Samson et al. 2005 (*Erwinia chrysanthemi* (Burkholder et al. 1953) Young et al. 1978)

ရောဂါလက္ခဏာများ

ဘက်တီးရီးယားပျော့ပုပ်သည် ကြက်သွန်ဥ အရင့်များတွင် အဓိက ပြဿနာဖြစ်သည်။ ရောဂါကူးစက်ခံရသောအခါ ကြက်သွန်ဥပေါ်တွင် ရေစိုနာဖြစ်ပေါ် ပြီး အဝါဖျော့ဖျော့မှ အညိုဖျော့ဖျော့အထိဖြစ်ပေါ်လာသည်။ ဘက်တီးရီးယားပျော့ပုပ်သည် ရောဂါပြင်းထန်လာ သည်နှင့် အမျှ ကြက်သွန်အတွင်းပိုင်းသည် ကွဲအက်သွားပြီး ကြက်သွန်အတွင်းသားများ ပျော့ ပျောင်းပြီး စေးကပ်လာသည်။ ရောဂါရှိသော ကြက်သွန်ဥများ၏ လည်တိုင်မှ အနံ့ ဆိုးထွက် နေသော ပျစ်ချွဲသော အရည်ကိုညှစ်ထုတ်နိုင်ပါသည်။ ရောဂါရနေသော ကြက်သွန် ကို ခွဲကြည့်ပါက အတွင်းသား များပျော့ပြီး ပုပ်နေပြီး အဝါဖျော့ရောင်၊ အညိုရောင် ပြောင်းကာ အနံ့ဆိုး ထွက် နေသည်ကို တွေ့ရှိရသည်။





ကာကွယ်နှိမ်နင်းနည်းများ

- ရောဂါကင်းသော ပျိုးပင်များကိုသာ ရွေးချယ်စိုက်ပျိုးပါ။
- စိုက်ခင်းအတွင်းကျန်ရှိနေခဲ့သည့် အပင်အစိတ်အပိုင်းများအားဖယ်ရှားသန့်ရှင်းပါ။
- အပင်ပေါ်မှ ရေဖျန်းရေသွင်းခြင်းကိုရှောင်ပါ။
- မိုးရာသီ၊ စွတ်စိုမှုများသောအချိန်တွင် ရောဂါဖြစ်စေသည်။
- စိုက်ခင်းရေမဝပ်စေရန်ဆောင်ရွက်ပါ။
- ကြက်သွန်ထိပ်များ ရင့်အောင်ထားပြီးမှ ရိတ်သိမ်းရန်နှင့် ရိတ်သိမ်းချိန်တွင် ကြက်သွန်ဥများ မပျက်စီးစေရန် ဆောင်ရွက်ပါ။
- ကြက်သွန်ဥများကို စနစ်တကျ အခြောက်ခံပြီး ကြက်သွန်ဥများပေါ်တွင် အစိုဓာတ် ငွေ့ရည်ဖွဲ့မှု မဖြစ်စေရန် လေဝင်လေထွက်ကောင်းသောနေရာတွင် သိမ်းဆည်းပါ။
- စိုက်ခင်းတွင် ရောဂါကျရောက် ပါက Copper Oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်) နှင့် Kasugamycin (ကာစူဂါမိုင်စင်) ကို အသုံးပြုပက်ဖျန်းပါ။
-